ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**နေပြည်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၁ / ၂၀၁၈**

၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့သစ်တောဥပဒေ ပုဒ်မ ၆ - က အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဓာတ်သတ္တု အသေးစား သို့မဟုတ် လက်လုပ်လက်စား လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဝန်ကြီး — ဥက္ကဋ္ဌ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
သစ်တောဦးစီးဌာန

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(စ) - — အဖွဲ့ဝင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ
တာဝန်ပေးအပ်သူ(၁)ဦး

(ဆ) ညွှန်ကြားရေးမှူး သို့မဟုတ် တာဝန်ခံအရာရှိ အတွင်းရေးမှူး
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်
သတ္တုတွင်းဦးစီးဌာန

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ဓာတ်သတ္တု ခွင့်ပြုမိန့် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ဓာတ်သတ္တု ခွင့်ပြုမိန့်လျှောက်ထားလာမှုများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့မှ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြစေခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် စိစစ်တင်ပြလာသော လျှောက်ထားလာမှုများကို ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန်အတွက် ပြည်ထောင်စု သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် ပြည်ထောင်စု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားရရှိပါက သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများသို့ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ် ဆောင်ရွက်စေခြင်း၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် သတ်မှတ်ချက်အထောက်အထားများ ပြည့်စုံမှန်ကန်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(င) လုပ်ကိုင်ခွင့်ပြုမည့် ဓာတ်သတ္တုအမျိုးအစားနှင့် လုပ်ငန်းပမာဏအလိုက် သုံးစွဲခွင့်ပြုမည့် စက်ယန္တရားများ သတ်မှတ်ပေးခြင်း၊

(စ) နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဓာတ်သတ္တုဆိုင်ရာအခွန်အခများစည်းကြပ်ကောက်ခံခြင်း၊

(ဆ) လုပ်ငန်းကြီးကြပ်ရေး အဖွဲ့များကို ဖွဲ့စည်း၍ ခွင့်ပြုထားသော ဓာတ်သတ္တု လုပ်ငန်းများ၏ ရှာဖွေ၊ စမ်းသပ်၊ တူးဖော် ထုတ်လုပ်မှု ၊ ဆင့်တက်ပြုပြင်မှု လုပ်ငန်းများဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းရေးကိစ္စများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်

ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စ၊ အလုပ်သမားရေးရာကိစ္စများကို ပုံမှန်စစ်ဆေးစေခြင်းနှင့် အခါအားလျော်စွာ စစ်ဆေးကြပ်မတ်ဆောင်ရွက်စေခြင်း၊

(ဓ) မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ ခွင့်ပြုမိန့်နှင့် စာချုပ်ပါစည်းကမ်းချက်များအား ဓာတ်သတ္တုခွင့်ပြုမိန့်ရရှိသူမှ လိုက်နာရန်ပျက်ကွက်ပါက လုပ်ငန်းကို ဆိုင်းငံ့စေခြင်း၊ ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းဆက်လက်ဆောင်ရွက်ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဏ) ဓာတ်သတ္တု ခွင့်ပြုမိန့်ရရှိသူမှ သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်နားခွင့်ပြုရန် သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် တင်ပြလာလျှင် စိစစ်၍ ခွင့်ပြုဆောင်ရွက်ပေးခြင်း၊

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သတ္တုတွင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူး သို့မဟုတ် တာဝန်ခံအရာရှိသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၅ ခွဲ(၂)၁၈/သတ္တု( ၁၆၂၂ )
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတဦးစီးရုံးများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

သတ္တုတွင်းဦးစီးဌာန

ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ဝင်အားလုံး

ညွှန်ကြားရေးမှူးချုပ် }
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

ဌေးအောင်
အမြဲတမ်းအတွင်းဝန်